mgyoe.com




# ရန်ကုန်မြို့ကြ တက္ကစီသမား

mgyoe.com

နိုင်းဝင်းမြင့်စီစဉ်သည်။

9 789997 118165

mgyoe.com



ISBN9789997118165
POEM69
9 789997 118165
1,500.00KS

mgyoe.com

ရန်ကုန်မြို့က တက္ကစီသမား။ သူအောင်လင်း
မျက်နှာဖုံးပန်းချီ - ဘငွေးကြည်
စာမျက်နှာ ၇၀+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ရန်ကုန်မြို့က တက္ကစိသမား

## သူအောင်လင်း

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


※ စကားအနည်းငယ် – ဟိန်းမြတ်ဇော် .......... က

※ အမှာ – မိုးကျော်သူ .......... ခ

၁။ နှစ်သစ်ကူးပြီ .......... ၁

၂။ အချစ် .......... ၂

၃။ ရန်ကုန် .......... ၃

၄။ လောကခံ ၂ .......... ၄

၅။ အိမ်ထောင်ရေး .......... ၅

၆။ အချစ် ၁၁ .......... ၆

၇။ အချစ် ၁၃ .......... ၇

၈။ ရန်ကုန် ၅၂ .......... ၈

၉။ အများပိုင်ဘဝနှင့် ဖူးပွင့်ခြင်း .......... ၁၀

၁၀။ တက္ကစီ .......... ၁၂

၁၁။ အချစ် ၂၀ .......... ၁၃

၁၂။ လမ်း .......... ၁၄

၁၃။ မိတ်ဆွေ .......... ၁၅


mgyoe.com

mgyoe.com


၁၄။ မွေးနေ့ . . . . . . . . . . . ၁၆
၁၅။ ကဗျာ ကာစတန်မာ . . . . . . . . . . . ၁၇
၁၆။ အရွယ် ၁ . . . . . . . . . . . ၁၈
၁၇။ တက္ကစီ . . . . . . . . . . . ၁၉
၁၈။ လန်ပန် . . . . . . . . . . . ၂၀
၁၉။ အချစ် ၄၂ . . . . . . . . . . . ၂၂
၂၀။ ဖခင် . . . . . . . . . . . ၂၃
၂၁။ ရန်ကုန် . . . . . . . . . . . ၂၄
၂၂။ ဩကာသ အသံများ . . . . . . . . . . . ၂၅
၂၃။ ရန်ကုန် . . . . . . . . . . . ၂၆
၂၄။ အစိမ်းချုပ် . . . . . . . . . . . ၂၇
၂၅။ ရန်ကုန် ၅၄ . . . . . . . . . . . ၂၈
၂၆။ ဝမ္မစကူး . . . . . . . . . . . ၂၉
၂၇။ ရန်ကုန် ၅၆ . . . . . . . . . . . ၃၀
၂၈။ မျက်နှာအရောင်းဆိုင် . . . . . . . . . . . ၃၁
၂၉။ သွေးကြောပေါက်ခြင်း . . . . . . . . . . . ၃၂
၃၀။ ကြိုးဖြေပေးလိုက်တယ် . . . . . . . . . . . ၃၃
၃၁။ အတည့် . . . . . . . . . . . ၃၄
၃၂။ နိုင်ငံတော်နဲ့ ဆယ်လ်ဖီဆွဲခြင်း . . . . . . . . . . . ၃၅
၃၃။ ညဲ့လို့ သေမယ့်ကောင် . . . . . . . . . . . ၃၈
၃၄။ Shake Well Before Use = အသုံးမပြုခင် လှုပ်ယမ်းရန် . . . ၄၁
၃၅။ တက္ကစီ . . . . . . . . . . . ၄၂
၃၆။ စစ်ပြန်ကြီး တုတ်ထိုး . . . . . . . . . . . ၄၄
၃၇။ သေမင်းကို ‘ကိုမာ’ ဝင်ခြင်း . . . . . . . . . . . ၄၆
၃၈။ အချစ် ၄၅ . . . . . . . . . . . ၄၉
၃၉။ မြို့ ကြီးရဲ့ ပျော်နည်း ၂ . . . . . . . . . . . ၅၀
၄၀။ အတွေးကျိုးပေါင်း . . . . . . . . . . . ၅၃


mgyoe.com

mgyoe.com

၄၁။ အချစ် ၅၈ . . . . . . . . . . . ၅၇
၄၂။ ပြတင်းပေါက် . . . . . . . . . . . ၅၈
၄၃။ အဖော်မဲ့ . . . . . . . . . . . ၆၀
၄၄။ အချစ် ၅၉ . . . . . . . . . . . ၆၁
၄၅။ အချစ် ၆၀ . . . . . . . . . . . ၆၃
၄၆။ ဇာတ်ပြော . . . . . . . . . . . ၆၄
၄၇။ ဆရာညွှန့်သို့ . . . . . . . . . . . ၆၅
၄၈။ ရှိဘော့ ၂ . . . . . . . . . . . ၆၆
၄၉။ ဆိုက်ကားသမား . . . . . . . . . . . ၆၇
၅၀။ အချစ် ၆၁ . . . . . . . . . . . ၆၉
၅၁။ အချစ် ၆၆ . . . . . . . . . . . ၇၀

□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# စကားအနှည်းငယ်

လမ်းတွေကို
ကျွန်တော်တို့လို့ မောမောပန်းပန်း
လျှောက်ခဲ့ကြတယ်
စိုးရိမ်စိတ် ကြီးတယ်
ချစ်တဲ့သူတွေအပေါ် ပေါ့
သူ လိုလားတဲ့ သူ့ကဗျာ
သူ့ရင်ထဲမှာ ရှိတယ်
ကိုယ့်သမိုင်း ကိုယ် ရေးကြစို့။

ဟိန်းမြတ်ဇော်

mgyoe.com

mgyoe.com



# အမှာ

၁၉၉၂ မှာ မလေးရှားဒုဝန်ကြီး ဂါဖာဘာဘာနဲ့ လက်ဆွဲနှုတ်ဆက်ဖူးတယ်။
၂၀၀၆ မှာ ချွမ်လိပိုင်နဲ့ ထုံးဆုံလေဆိပ်မှာ လက်ဆွဲ နှုတ်ဆက်ဖူးတယ်။
သူအောင်လင်းနဲ့အတူ ရေသန့်ဘူးလည်း ထမ်းဖူးတယ်။
သူဟာ အမြန်လမ်းပေါ်က စန္ဒရားတစ်စီး ဖြစ်တယ်။ သူ့ဂုဏ်သိက္ခာဟာ သူရှောင်ခဲ့တဲ့ ကားတွေရဲ့စိမ်းလန်းမှုအရောင်ဖြစ်တယ်။

ညီငယ်သူအောင်လင်း သို့
မှ . . . မိုးကျော်သူ (ခ) မစ္စတာဟွန်ဒါ

မိုးကျော်သူ

mgyoe.com

mgyoe.com

နှစ်သစ်ကူးပြီ

လွမ်းစရာရှိရင် နာစရာနဲ့ ဖြေတဲ့
စိတ်ကို ရေလောင်းကြည့်မိတယ်
အောင်မြင်မှုဟာ
တရုတ်သိုင်းကားတွေထဲကလို
အငွေ့ထွက်လာတယ်။ ။

mgyoe.com

mgyoe.com


## အချစ်

သူ မရှိတာ ဆားမပါတဲ့ ဟင်းလိုပဲ
သူ မရှိတာ သံလမ်းမရှိတဲ့ ရထားပဲ
သူ မရှိတာ စတီယာရင်မပါတဲ့ ကားပဲ
သူ မရှိတာ တက်မပါတဲ့ လှေပဲ
သူ မရှိတာ မီးလင်းဖိုမရှိတဲ့ ဆောင်းပဲ
သူ မရှိတာ ထီးကျိုးနေတဲ့ မိုးတွင်းပဲ
သူ မရှိတာ ကြိုးပြတ်နေတဲ့ စောင်းပဲ။ ။

mgyoe.com

mgyoe.com



## ရန်ကုန်

စံပယ်ပန်းလေး ကိုင်
တစ်ကိုယ်လုံး ရွှဲရွှဲစိုလို့
ယူကြဦးမလား ဆရာတဲ့
သူ့ဘဝလေး
စံပယ်ပန်းရနံ့လေးလို
မွှေးပါဦးမလား
ငါ စဉ်းစားနေပေါ့။ ။

mgyoe.com

mgyoe.com


# လောကဓံ ၂

ဇာတ်ခုံပေါ်က မင်းသားအစစ်ပါ
မိတ်ကပ် မလိမ်းဘူး
နှုတ်ခမ်းဆေး မဆိုးဘူး
ဒူးနှန့် လေမချွန်ဘူး။
ပြီးတော့
အတိအကျ လူစားမထိုးဘူး။ ။

mgyoe.com

mgyoe.com



## အိမ်ထောင်ရေး

စီးတဲ့နေရ မစီးတော့
ကန်သင်းရိုးလည်း လက်ပိုက်ကြည့်ရုံပဲ
ငါတို့ မိသားစု
ထမင်းဝိုင်းလေးဟာ
ငါတို့ နိုင်ငံရေးပဲ မဟုတ်လား။ ။

mgyoe.com

mgyoe.com


# အချစ်၁၁

သူမအကြောင်း စဉ်းစား
နံ့ရံ့ကို သံ့ရိုက်တော့
လက်မကြီး တူနဲ့ ထုမိပါကော
မင်း ညအိပ်ပျော်ပါစေ။ ။

mgyoe.com

mgyoe.com



အချစ်၁၃

ကိန်းဂဏန်း တစ်ခုခုနဲ့
အကြိမ်ကြိမ် စားကြည့်တယ်
မပြတ်ဘူး။ ။

mgyoe.com

mgyoe.com

# ရန်ကုန် ၅၂

မီးမလာရင် အဖြူအမည်း မသဲကွဲတော့ဘူး
သူခိုးနဲ့ လူလိမ် မသဲကွဲတော့ဘူး
မီးပွိုင့်မှာ ဆန္ဒတွေလား
ဒေါသတွေလား မသဲကွဲတော့ဘူး
ရေခဲတိုက်က အလောင်းတွေက ထ ကမလား
ပုပ်ပွလာမလား မသဲကွဲတော့ဘူး
ခုနစ်ထပ်တိုက်ပေါ် ရေတက်ရမလား
လူတက်ရမလား
ဓာတ်ခွဲခန်းအဖြေ စောင့်နေတာလား
မီးအလာ စောင့်နေတာလား မသဲကွဲတော့ဘူး
နှလုံးအားနည်းနေတဲ့ အမေ့ကို မေးဖို့ ဖုန်းအားမရှိဘူး
လူပြတ်နေတဲ့ လမ်းက ပြန်လာမယ့်
ကျူရှင်တက် သမီးပျိုကို စိတ်မချဘူး
မေ့ဆေးပေးပြီးမှ မီးပျက်သွားတယ်
လေထီးမပွင့် ငါ့ဆီ ပြန်လာခဲ့ ဓာတ်လမ်းပဲလား
Into the Forest ဓာတ်လမ်းထဲကလိုပဲ

mgyoe.com

mgyoe.com



ဖတဆိုး သမီးနှစ်ယောက် မိသားစုလေး
အဖေ သေတယ်၊ အစ်မကြီး မုဒိမ်းကျင့်ခံရတယ်
အချစ်ဗန်းပြ ညီမလေး လူလိမ်ခံရတယ်
ခါတော်မီ ကုန်းဈေးနှုန်းသေနတ်
နားထင်ကို ချိန်ရွယ်ခံရတယ်
တစ်နှစ်ပတ်လုံး မိုးသည်းထန်
ပြိုကျ ပျက်စီးနေတဲ့ အိမ်ထဲ
အစ်မကြီး ကိုယ်ဝန် လစေ့လာတယ်
မကြောက်မရွံ့ ဂူထဲ လက်နဲ့ မီးဖွားခဲ့ရတယ်
မြို့တော်ဝန် ဘာလုပ်နေလဲ၊ သမ္မတ ဘာလုပ်နေလဲ
အသံဟာ တစ်တောလုံး ပျံ့နှံ့သွားတယ်
အဲဒီလိုနဲ့
သုံးယောက်ဘဝလေး ပြန်ရခဲ့တယ်
ဒီကလေးလေး ကျွန်မ သိပ်ချစ်တာပဲတဲ့
ဒီမှာ... ကြည့်စမ်းပါဦး ချစ်စရာမကောင်းဘူးလား
သူ့အဖေက ထွက်ပြေးသွားပြီတဲ့
ဒီနေ့ ချစ်သူ အဖြေပေးမယ့်နေ့ပဲ
ကားတွေ ဂက်စ်ဆိုင်မှာ ဆီဆိုင်မှာ တန်းစီနေတယ်
လူငယ်လေးယောက် ဒီနေ့ပဲ အသည်းကွဲနေတာ။ ။

mgyoe.com

mgyoe.com

# အများပိုင်ဘဝနှင့် ဖူးပွင့်ခြင်း

ထမင်းငတ် သေတဲ့လူ မရှိပါဘူး
မငတ်ဖို့ ရုန်းကန်ရင်း သေတဲ့လူ
အများကြီးဆိုတာ လူကြီးမင်း လက်ခံရလိမ့်မယ်
အလှဖန်တီးရှင်ကလည်း လူတွေကို အားခဲထားတာပဲ
လူနဲ့ မကင်းနိုင်တဲ့ လူတွေ
လူတွေနဲ့ မကင်းနိုင်တဲ့ လူတွေ လူပြောသူပြော များနေတာ
လူကြီးမင်းဆိုတဲ့ ဝေါဟာရ ပြောလာကြပါတယ် လူကြီးမင်း
လူကြီးမင်းဟာ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ဘုန်းကြီး
ကိုယ်ပိုင်ဒေါက်တာ၊ ကိုယ်ပိုင်လေယာဉ်၊ ကိုယ်ပိုင်ပတ်စ်ပို့
ကိုယ်ပိုင်ဂေါက်ကွင်း၊ ကိုယ်ပိုင်ဘဏ်အကောင့်
ကိုယ်ပိုင်လုပ်ငန်းတွေနဲ့ ရှိတဲ့အထုပ်ကလေး ပိုက်လို့ပေါ့
ငွေသံကြေးသံ တချွင်ချွင် လွင့်ပျံ့လို့
တသွင်သွင် စီးဆင်းနေတဲ့ ကျောက်စက်ရေလို
အပန်းဖြေ ရီလက်ဖ်လုပ်လိုက်၊ ဗကေးရှန်း ထွက်လိုက်ပေါ့
ကျွန်ုပ်တို့အတွက် အသုံးကြားရုံနဲ့ အရမ်းချိုလွန်းလို့
ရေရောသောက်ရမယ့် လက်ဖက်ရည်တစ်ခွက်ပါ

mgyoe.com

mgyoe.com



ဒီလိုပြောရင် လူကြီးမင်းဘက်က မနာလိုဖြစ်တာလားလို့
ပစ္စည်းမဲ့ဒေါသ ထွက်ထာလားလို့
မေးခွန်းထုတ်စရာ ဖြစ်လာနိုင်ပါတယ် လူကြီးမင်း
နိုးပါ နငယ်လုံးကြီးတင် တစ်ချောင်းငင် နို ဝစ္စနှစ်လုံးပေါက် နိုး
လုံးဝ နိုးပါ
လူတစ်ယောက်ဖြစ်ပြီး လူလို စားကောင်းသောက်ကောင်း
လူလို ဝတ်ကောင်းစားကောင်း
လူလို အိမ်ကောင်းယာကောင်းနဲ့ တစ်နေ့တစ်နေ့ ဘယ်လောက်ဝေးဝေး
လူစိတ်ရှိတဲ့ လူတွေ အများကြီးပါ လူကြီးမင်း
လူဖြစ်မှုတွေမှာ လူစဉ်မမီတဲ့ လူတွေ ရှိသလို
လူဖြစ်မှုတွေမှာ လူဖြစ်ခြင်းတွေ ကွဲပြားခြားနားပါတယ် လူကြီးမင်း
ကံ ကံရဲ့ အကျိုးလို့ ပြောဦးမလား
ကံဟာ အလုပ်ဆို အလုပ်ဟာ ကံဆို
ကံ အကန်ခံရတာများလား
လူတစ်ယောက်ရဲ့ ဘုန်းတန်ခိုးဟာ အလုပ်လုပ်ခြင်းဆိုရင်
မြစ်ဆိပ်မှာ ကျောက်ထမ်းတဲ့ လူတစ်ယောက်
အနည်းဆုံး လူရောင်သူရောင်တော့ ထွက်သင့်ပါတယ် လူကြီးမင်း
လူရယ်လို့ ဖြစ်လာကြတဲ့ လူ့လောက လူ့အဖွဲ့အစည်းမှာ
လူသားချင်း စာနာတတ်တဲ့
လူစိတ်ရှိတဲ့ လူကြီးမင်းတစ်ယောက်တော့ လိုပါတယ် လူကြီးမင်း။ ။

စရဏမဂ္ဂဇင်း၊
ဇွန်၊ ၂၀၁၃။

mgyoe.com

mgyoe.com

## တက္ကစီ

ခရီးသည်က ယာဉ်မောင်း စိတ်မချ
ယာဉ်မောင်းက ခရီးသည် စိတ်မချ
ယာဉ်မောင်းက နောက်ကြည့်မှန် တကြည့်ကြည့်
ခရီးသည်က ယာဉ်မောင်း တကြည့်ကြည့်။ ။

mgyoe.com

mgyoe.com



## အချစ် ၂၀

သူ မချစ်တော့မှာရယ်
ထမင်း ငတ်မှာရယ်
အကြောက်ဆုံးပဲ။ ။

mgyoe.com

mgyoe.com

# လမ်း

လူ
မော်တော်ဆိုင်ကယ်
ဆိုက်ကား
စက်ဘီး
ရှယ်ဂါလီ
လှည်းအမျိုးမျိုး
လမ်းပြောင်းပြန် မရှိ။

mgyoe.com

mgyoe.com



## မိတ်ဆွေ

အန္တရာယ်တွေ ဘယ်အရပ်က လာလာ
ရင်ဆိုင်ကြဖို့ပါကွာ
မင်းနဲ့ ကိုယ်နဲ့လေ
ကျောချင်းကပ် ဆုပ်ခဲ့ လက်သီးတွေ
ဒါပေမဲ့
ကိုယ် အထိုက်အလျောက် ညှံ့ခဲ့ပါတယ်
ဘယ်နတ်ဆိုး ချစ်သူလက်ထဲ ဓားထည့်ပေးလိုက်သလဲ
တွေးနေတာ အခုထိ
ကျောချင်းကပ်ထားတာလေ
ဓားသွားဖွေးဖွေးကို လရောင်ဖွေးဖွေးလို့
မြင်နေတုန်းပဲ ကျောချင်းကပ်ထားတာလေ။ ။

mgyoe.com

mgyoe.com


## မွေးနေ့

ပိုတိကျလာတယ်
နားထင်က ဆံပင်ဖြူတွေ လင်းလာတာ
သန်းခေါင်ထက် နက်တဲ့ ညဟာ
အသိတရားလား သေခြင်းတရားလား
မွေးနေ့ဟာ မသေမချင်း လုပ်လို့ရပေမဲ့
သေနေ့ဟာ စက္ကန့်မလပ်ပဲ
မခေါ်ပေမဲ့ သူက လိုက်နေ သင်္ကြာဂြိုဟ်တွေ ရှေ့တည့်တည့်
ဖြည့်စွက်ပြင်ဆင်လို့ မရ
နေနိုင်ပါတယ်ဗျာ ယပ်တောင်လေး ခပ်လို့
သေခြင်းတရားဟာ လေချွန်နေတယ်။ ။

mgyoe.com

mgyoe.com



## ကဗျာကာစတန်မှာ

ကဗျာစာအုပ် တစ်အုပ်ကို ကိုင်လိုက်တယ်။
ဖဲထုပ်ချိုးသလို အလယ်က စဖတ်တယ်။
မျက်လုံး ပြူးကြည့်တယ်။
နောက်တစ်ရွက် လှန်တယ်။
နှာခေါင်း ရှုံ့တယ်။
နောက်တစ်ရွက် လှန်တယ်။
ခေါင်း တွင်တွင်ခါတယ်။
ခေါင်း တဆတ်ဆတ်ညိတ်တယ်။
မေးစေ့ လက်လက်ပွတ် ပြုံးတယ်။
နောက်တစ်ရွက် လှန်တယ်။
လက်ဖျောက်တစ်ချက် တီးတယ်။
နောက်တစ်ရွက် လှန်တယ်။
စုတ်တစ်ချက် ခပ်ပြင်းပြင်း သပ်တယ်။
နောက်တစ်ရွက် လှန်တယ်။
မျက်မှန်အောက်ကနေ မျက်ခုံးပင့်ကြည့်တယ်။
နောက်တစ်ရွက် လှန်တယ်။
ဖင်တစ်ပြန် ခေါင်းတစ်ပြန် ကြည့်တယ်။
သက်ပြင်းချတယ်။
ဟင်းချက်နည်းစာအုပ် ဝယ်သွားတယ်။
ယောက္ခမအတွက်တဲ့ဗျာ။ ။

mgyoe.com